ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100

တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၇။

# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် - ၅၁၃

၂၀၁၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၈၇ တွင်ချမှတ်သည့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ၊ ၂၁ ရက်နေ့စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ အမိန့်ဒီကရီအပေါ် တရားမပထမအယူခံမှု တင်သွင်းခြင်း။

| | | |
|---|---|---|
| ဦးသန်းထွေး (Chairman , Straight Forward International Co.,Ltd) | နှင့် | ဦးသောင်းလွင် |
| အယူခံတရားလို | | အယူခံတရားပြိုင် |

အယူခံတရားလိုအတွက် - ဒေါ်ခင်သီတာလွင်၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် - ဦးစံတင်၊ တရားလွှတ်တော်ရှေ့နေ

အခွန်ခံမိတ္တူမှန်
စစ်ဆေးပြီးခွန်ကန်ကြေးငွေဖြင့်
အခွန်ယူသည်။

## စီ ရင် ချက်

ရက်စွဲ။ ၂၀၁၈ ခုနှစ် ဇွန်လ ၁၅ ရက်

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၈၇ တွင် ဦးသောင်းလွင်က ဦးသန်းထွေး (Chairman , Straight Forward International Co.,Ltd)အပေါ် ကျွန်းသစ်လေ/သစ်လွင့်ထုတ်လုပ်ရေး နှစ်ဦးသဘောတူစာချုပ်အရ ကြိုတင်ပေးထားသည့် (အမေရိကန်ဒေါ်လာ ၂၃၇၀၀ နှင့်ညီမျှသော) မြန်မာငွေကျပ် ၂၃၃၉၁၉၀၀၀/- ရလိုမှုစွဲဆိုရာ စွဲဆိုသည့်အတိုင်း ၂၁-၉-၂၀၁၆ ရက်နေ့တွင် အနိုင်ဒီကရီချမှတ်သည်။ ယင်းအမိန့်ဒီကရီ အပေါ် မူလရုံးတရားပြိုင်က ကျေနပ်မှုမရှိသဖြင့် ဤတရားမပထမအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

မူလရုံးတရားလို၏အဆိုလွှာတွင် တရားလိုနှင့်တရားပြိုင်တို့သည် ၂၈-၁၂-၂၀၁၃ ရက်စွဲပါကျွန်းသစ်လေ/သစ်လွင့် ထုတ်လုပ်ရေး နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုကြကြောင်း၊ စာချုပ်အရ တရားပြိုင်၏ကုမ္ပဏီဖြစ်သော (Straight Forward International Co.,Ltd) မှ ထုတ်လုပ်ခွင့်ရရှိသော မကွေးတိုင်း၊ ဂန့်ဂေါဒေသမှ ကျွန်းသစ်လေ/သစ်လွင့် ၁၂၈ တန်၊ ချင်းပြည်နယ်၊ ရင်ကွဲတောင်မှ ကျွန်းသစ်လေ/သစ်လွင့် ၅၀၄ တန်၊ စုစုပေါင်း ၆၃၂ တန်ကို ကုမ္ပဏီကိုယ်စားဆောင်ရွက်ရန် ဦးသောင်းလွင်အား ကိုယ်စားလှယ်လွှဲအပ်ပြီး၊ ဦးသောင်းလွင်မှအကုန်အကျခံ၍ သစ်ထုတ်လုပ်စုဆောင်းခြင်း၊ သယ်ယူရောင်းချခြင်း ပြီးစီးသည်အထိဆောင်ရွက်ရန်နှင့် ထိုသစ်အပေါ်တွင် (၁)တန်လျှင် အမေရိကန်ဒေါ်လာ ၇၅ ကို အသားတင်ပေးရန် သဘောတူညီကြောင်း၊ သစ်တန်ဘိုး၏ ၅၀% ဖြစ်သော အမေရိကန်ဒေါ်လာ ၂၃၇၀၀ ကို စာချုပ်သည့်နေ့တွင် လုပ်ငန်းလက်ခံသူမှပေးချေ၍ လက်မှတ်ရေးထိုးကြောင်း၊ ကျန် ၅၀%

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ကို မြန်မာ့သစ်လုပ်ငန်းကုမ္ပဏီသို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး၊ ဝယ်ယူမည့်အခြားကုမ္ပဏီသို့ Consigning ချိန်းပြီး (၁)ပတ်အတွင်းပေးချေရန် သဘောတူခဲ့ကြောင်း၊ အမေရိကန်ဒေါ်လာ ဈေးနှုန်း (၁)ဒေါ်လာလျှင် ၉၈၇ ကျပ်နှုန်းနှင့်ညီမျှသော မြန်မာငွေကျပ် ၂၃၃၉၁၉၀၀/- ကို တရားလိုက တရားပြိုင် Chairman ဦးသန်းထွေးမှ လက်ခံရရှိကြောင်း၊ လက်မှတ်ရေးထိုးပေးအပ်ခဲ့ကြောင်း၊ သဘောတူစာချုပ်အတိုင်း တရားလိုသည် ၃၁-၁၂-၂၀၁၃ နေ့၌ ချင်းပြည်နယ်၊ ရင်ကွဲတောင်ကြိုးဝိုင်းသို့ လည်းကောင်း၊ ၁၅-၁-၂၀၁၄ နေ့တွင် ဂန့်ဂေါသစ်ထုတ်လုပ်ရေး ကြိုးဝိုင်းသို့လည်းကောင်း၊ ဝင်ခွင့်ပြုသည့်အမိန့် ရရှိသဖြင့် ဆောင်ရွက်ခဲ့ရာ သစ်တန် ၁၃၀ ခန့် ထုတ်လုပ်နိုင်ခဲ့သော်လည်း ၃၁-၁-၂၀၁၄ ရက်စွဲပါ စာဖြင့် မြန်မာ့သစ်လုပ်ငန်းမှ ထုတ်လုပ်ခွင့်မပြုတော့ကြောင်း အကြောင်းကြားလာသဖြင့် လုပ်ငန်းရပ်ဆိုင်း လက်လွှတ်ဆုံးရှုံးခဲ့ရပါကြောင်း၊ ၂၈-၁၂-၂၀၁၃ ရက်စွဲပါ သစ်ထုတ်လုပ်ရေး နှစ်ဦးသဘောတူစာချုပ်မှာ လုပ်ငန်းကာလမတိုင်မီ ပျက်ပြယ်ခဲ့သဖြင့် တရားလိုထံမှ တရားပြိုင်ကြိုတင်ရယူထားသော အမေရိကန် ဒေါ်လာ ၂၃၇၀၀ နှင့်ညီမျှသော မြန်မာကျပ်ငွေ ၂၃၃၉၁၉၀၀/- ကို တရားလိုအား ပြန်ပေးရန်ဖြစ်ကြောင်း တရားပြိုင်ထံ ၅-၁၁-၂၀၁၄ နေ့တွင် နောက်ဆုံးထား၍ တစ်လုံးတစ်ခဲတည်း ပြန်ပေးရန် အကြောင်းကြားစာပေးပို့ခဲ့သော်လည်း လိုက်လျောနိုင်ခြင်းမရှိကြောင်း ပြန်ကြားလာသဖြင့် တရားစွဲဆိုရန် အကြောင်း ပေါ်ပေါက်သောကြောင့် စွဲဆိုပါသည်ဟု အဆိုပြုသည်။

မူလရုံးတရားပြိုင်၏ချေလွှာတွင် တရားပြိုင်၏ ကုမ္ပဏီဖြစ်သော (Straight Forward International Co.,Ltd) သည် တရားလိုနှင့် ၂၈-၁၂-၂၀၁၃ ရက်စွဲပါ နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုခြင်းကို ငြင်းဆိုရန်မရှိသော်လည်း စာချုပ်ပါအတိုင်း တရားပြိုင်ကုမ္ပဏီသည် တရားလိုအား ကိုယ်စားလှယ်အနေဖြင့် လွှဲအပ်လုပ်ကိုင်စေခဲ့ခြင်း မဟုတ်ပါကြောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့် ရောင်းချခဲ့ခြင်းသာ ဖြစ်ပါကြောင်း၊ ကျွန်းသစ်လေ/သစ်လွင့် ထုတ်လုပ်ခြင်း ကန်ထရိုက်လုပ်ငန်းကို တရားလို၏ကုန်ကျစရိတ်ဖြင့် မိမိသဘောအတိုင်း ထုတ်လုပ်စုဆောင်း သယ်ယူရောင်းချရန် ဖြစ်ပါကြောင်း၊ တရားပြိုင်ကုမ္ပဏီက အစိုးရဌာနဆိုင်ရာ လုပ်ငန်းသဘောအရ လုပ်ငန်းလုပ်ကိုင်ရာတွင် အခက်အခဲမရှိစေရန် ကိုယ်စားလှယ်စာလွှဲအပ်ခြင်းသာဖြစ်ပြီး၊ လုပ်ငန်းကို ကိုယ်စားလှယ်လွှဲအပ် ဆောင်ရွက်စေခြင်းမဟုတ်ပါကြောင်း၊ အဆိုလွှာအပိုဒ်(၃)(၄)(၅)(၆)တို့တွင် ဖော်ပြထားသည့်အတိုင်း အမေရိကန်ဒေါ်လာနှင့်ညီမျှသော မြန်မာငွေပေးအပ်ခြင်း၊ ကြိုးဝိုင်းအတွင်း ဝင်ခွင့်ပြုသည့်အမိန့် ထုတ်ပေးခြင်းတို့ကို ငြင်းဆိုရန်မရှိပါကြောင်း၊ သစ်ထုတ်လုပ်ရေးစာချုပ်တွင် လုပ်ငန်းကာလကို ၂၀၁၃ ခုနှစ်၊ ဇွန်လမှ ၂၀၁၄ ခုနှစ်၊ မေလအထိ သတ်မှတ်ပေးထားသည်ကို တရားလိုကိုယ်တိုင်သိရှိပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်သ သစ်ထုတ်လုပ်ခွင့် ကို ၁၆-၇-၂၀၁၃ နေ့ကပင် ခွင့်ပြုထားသည်ကို တရားလိုကိုယ်တိုင်သိရှိပြီးဖြစ်ပါကြောင်း၊ ၃၁-၁၂-၂၀၁၃ နေ့နှင့် ၁၅-၁-၂၀၁၄ နေ့စွဲပါ အမိန့်များမှာ ကွင်းဝင်ခွင့်ပြုမိန့်မဟုတ်ပါကြောင်း၊ သစ်ကွက်အတွင်း ခုတ်လှဲထားသောသစ်များအား သယ်ယူနိုင်ရန်အတွက် သစ်ကွက်အတွင်း ဝင်ခွင့်ပြုသည့်အမိန့်ဖြစ်ပါကြောင်း၊ တရားလို မည်မျှထုတ်လုပ်စုဆောင်းထားသည်ကို တရားပြိုင်ကုမ္ပဏီသို့ အသိပေးအကြောင်းကြားခြင်းမရှိပါကြောင်း၊ ၂၈-၁၂-၂၀၁၃ စာချုပ်အရ လိုက်နာဆောင်ရွက်ပါမည်ဟု သဘောတူထားသည့် ၁၉-၁၁-၂၀၁၃ ရက်စွဲပါ တရားပြိုင်ကုမ္ပဏီနှင့် မြန်မာ့သစ်ထုတ်လုပ်ရေးလုပ်ငန်းတို့အကြား ချုပ်ဆိုထားသည့်စာချုပ်မှာ ကန်ထရိုက်တာမှ ဆောင်ရွက်ရမည့်တာဝန်များကို ဆောင်ရွက်ခဲ့ခြင်းမရှိသဖြင့် နစ်နာဆုံးရှုံးမှု ပေါ်ပေါက်ရခြင်းဖြစ်ပါကြောင်း၊ စာချုပ်တွင် သက်ဆိုင်ရာမှ ခွင့်ပြုချက်ရုပ်သိမ်းလျှင် တရားလိုကြိုတင်ပေးငွေနှင့် ကုန်ကျစရိတ်များကို ပေးချေရမည်ဟု စည်းကမ်းချက်မပါရှိပါကြောင်း၊ အမှုစွဲဆိုရန် အကြောင်းမပေါ်ပေါက်သကဲ့သို့ စွဲဆိုပုံမှားယွင်းသဖြင့် အဆိုလွှာပလပ်ပေးပါရန် ချေပသည်။

တာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူသည်။

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

မူလရုံးအဆိုအချေအရ ရုံးငြင်းချက်(၄)ရပ် ထုတ်နုတ်စစ်ဆေးပြီး တရားလိုစွဲဆိုသည့်အတိုင်း ဒီကရီချမှတ်သည်။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက လျှောက်လဲတင်ပြရာတွင် အယူခံတရားလိုဦးသန်းထွေးမှာ (Straight Forward International Co.,Ltd) ကုမ္ပဏီတွင် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ရာ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၉၊ နည်းဥပဒေ ၁ အရ ကုမ္ပဏီအတွက် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအနေဖြင့် လက်မှတ်ရေးထိုးဝန်ခံချက်များ ပြုလုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မူလရုံးမှ စီရင်ချက်ဒီကရီကို ရေးဆွဲသည့်အခါ ဦးသန်းထွေးအမည်ဖြင့် ရေးသား၊ရေးသွင်းထားပါကြောင်း၊ **ဦးစောဝင်း ပါ ၂ နှင့် အထူးတရားသူကြီး(၁) ပါ ၂** (၁၉၆၆၊ မတစ၊ စာ-၅၀၈) စီရင်ထုံးအရ ကုမ္ပဏီသည် လူပုဂ္ဂိုလ်ကဲ့သို့ပင် (Juristic Person) ဖြစ်သည့်အတွက် ကုမ္ပဏီများကဖြစ်စေ၊ ကုမ္ပဏီများအပေါ်တွင်ဖြစ်စေ တရားစွဲဆိုမှုများနှင့် ပတ်သက်ပြီး ကုမ္ပဏီအမည်ဖြင့် ရုံးတော်မှ ဖော်ပြပေးရမည်ဖြစ်သဖြင့် မှားယွင်းသည်ဟုသဘောရိုးဖြင့် ထင်မြင်မိပါကြောင်း၊ ဒုတိယအချက်မှာ မူလရုံးတရားလိုနှင့် မူလရုံးတရားပြိုင်တို့ကြားချုပ်ဆိုသည့် သက်သေခံစာချုပ်(က)စာချုပ်သည် ပဋိညာဉ်ဥပဒေပုဒ် ၅၆ အရ ပျက်ပြယ်သွားသည့်အတွက် ပြန်ပေးစေရန် အမိန့်ချမှတ်ခြင်းသည် လုံးဝမှားယွင်းနေပါကြောင်း၊ အဓိကတင်ပြလိုသည်မှာ မူလရုံးတရားလို ဦးသောင်းလွင်နှင့် မူလရုံးတရားပြိုင် ဦးသန်းထွေးတို့ အကြားတွင်ရှိသော လုပ်ငန်းအပ်နှံရေးအမည်ပါစာချုပ်သည် ပဋိညာဉ်ဥပဒေပုဒ်မ ၅၆ တွင်အကျုံးဝင်သော မပြီးပြတ်သောစာချုပ်မျိုး (Executary Contract) မဟုတ်ဘဲ (Straight Forward International Co.,Ltd)အမည်ဖြင့်ရရှိထားသော သစ်ထုတ်လုပ်ခွင့်(ပါမစ်)ကို တရားလိုဦးသောင်းလွင်ထံသို့ အပြီးအပြတ်ရောင်းချသည့်စာချုပ် (Excuted Contract) ဖြစ်သည်ဟူသော အချက်ပင်ဖြစ်ပါကြောင်း၊ ပဋိညာဉ်နှစ်မျိုးရှိပါကြောင်း၊ အပြီးအပြတ်မဟုတ်သောစာချုပ်(Executary Contract)နှင့် အပြီးအပြတ်ဖြစ်သည့်စာချုပ် (Excuted Contract)တို့ဖြစ်ပါကြောင်း၊ယခု သက်သေခံ(က)စာချုပ်သည် တရားပြိုင်ဦးသန်းထွေး(Straight Forward International Co.,Ltd)အနေဖြင့် သစ်ထုတ်လုပ်ခွင့်(ပါမစ်)ရရှိလာပြီးနောက် ၎င်းသစ်ထုတ်လုပ်ခွင့်ကို အပြတ်ရောင်းချလိုက်သည့်သဘော ဖြစ်သောကြောင့် အပြီးအပြတ်ပဋိညာဉ် (Excuted Contract) ပင်ဖြစ်ပါကြောင်း၊ (Straight Forward International Co.,Ltd)မှ ထုတ်လုပ်ခွင့်ရရှိထားသော ကျွန်းသစ်လေ/သစ်လွင့် ထုတ်ယူခွင့် တန်၊ စုစုပေါင်း(၆၃၂)တန် တို့အား (Straight Forward International Co.,Ltd) မှ ဦးသောင်းလွင်အား ထုတ်လုပ်၊ စုဆောင်း၊ သယ်ယူ၊ ရောင်းချရန် လုပ်ငန်းအပ်နှံခဲ့ပါကြောင်း၊ လုပ်ငန်းပြီးစီးသည်အထိ လုပ်ငန်းလက်ခံသူမှ အကုန်အကျခံ ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ဦးသောင်းလွင်မှ အမှန်ထွက်ရှိသောသစ်တန်ပေါ်တွင် တစ်တန်လျှင်(US$-75)ကို အသားတင်ပေးချေရမည်ဖြစ်ကြောင်း၊ သစ်တန်ဘိုး၏ ၅၀% အား မြန်မာ့သစ်လုပ်ငန်းနှင့် ကုမ္ပဏီတို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး၊ ဝယ်ယူမည့်အခြားကုမ္ပဏီသို့ Consigning ချိန်းပြီး (၁)ပတ်အတွင်း အကျေပေးချေမည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးပါကြောင်း၊ လုပ်ငန်းလက်ခံသူမှ ပေးချေသည့် ၅၀% ဖြစ်သော (US$-23700) အား Chairman ဦးသန်းထွေးမှ လက်ခံရရှိပါသည်ဟူသော အချက်များသာဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ သက်သေခံ(က) စာချုပ်သည် ထုတ်လုပ်ခွင့်ပါမစ်ကို တရားလိုသို့ အပြီးအပြတ်ရောင်းချသည့်စာချုပ်သာ ဖြစ်သည်မှာ ထင်ရှားသဖြင့် ခရိုင်တရားရုံး၏ဒီကရီကို ပယ်ဖျက်ပြီး ဥပဒေနှင့်ညီညွတ်မျှတသည့် အမိန့်ချမှတ်ပေးပါရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ တရားလွှတ်တော်ရှေ့နေက လျှောက်လဲတင်ပြရာတွင် မူလရုံးမှ တရားပြိုင်သည် တရားလို၏ဆောင်ရွက်မှု ချွတ်ယွင်းချက်ကြောင့် သစ်ထုတ်လုပ်ခြင်း၊ ရပ်ဆိုင်းခဲ့ရကြောင်းကို သက်သေမပြနိုင်သည့်အတွက် တရားလို သက်သာခွင့်ရထိုက်ကြောင်း ဒီကရီချမှတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ တရားလိုသည် တရားပြိုင်ဦးသန်းထွေးနှင့် မသိကျွမ်းခင်(Straight Forward

အာဝန်ခံမိတ္တူမှန် စစ်ဆေးပြီးမှန်ကန်ကြောင်း အာဝန်ယူသည်။

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

International Co.,Ltd)မှ ဒါရိုက်တာဦးတင့်နိုင်ဝင်းနှင့် စတင်သိကျွမ်းခဲ့ပြီး၊ သစ်ထုတ်လုပ်ငန်းလုပ်ရန် ညှိနှိုင်းလာပြီး၊ သစ်လုပ်ကွက်များတွေ့ရှိပါက ဦးသောင်းလွင်အား တာဝန်ယူထုတ်လုပ်စေမည်ဖြစ်ကြောင်း၊ သစ်ကွက်များရှိကြောင်း ပြောပြခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် ဦးတင့်နိုင်ဝင်းမှ သစ်ထုတ်ခွင့်ပြုမည်ဟု ပြောကြောင်း၊ သစ်ထုတ်ကွက်ရှိရာ နေရာဒေသများသို့ တရားလိုကို လိုက်ပြခဲ့ကြောင်း၊ ၎င်းနောက် သက်သေခံ(က)စာချုပ် ချုပ်ဆိုခဲ့ကြောင်း၊ လုပ်ငန်းအပ်နှံသူအဖြစ် ဦးသန်းထွေး၊ လုပ်ငန်းအပ်နှံသူအဖြစ် ဦးသောင်းလွင် ဖြစ်ပါကြောင်း၊ စာချုပ်အပိုဒ်(၂)တွင် (Straight Forward International Co.,Ltd)မှ ထုတ်လုပ်ခွင့်ရရှိသော မကွေးတိုင်း၊ဂန့်ဂေါဒေသရှိ အကွက်အမှတ်(၈)မှ ကျွန်းသစ်လေ/သစ်လွင့် (၁၂၈) တန်၊ ချင်းပြည်နယ်၊ မင်းတပ်နယ်ရှိ ရင်ကွဲတောင်ကြိုးဝိုင်းအမှတ် ၁/၂/၇/၈ မှ ကျွန်းသစ်လေ/သစ်လွင့် (၅၀၄)တန်၊ စုစုပေါင်း(၆၃၂)တန်အား (Straight Forward International Co.,Ltd)မှ အဆိုပါသစ်ထုတ်လုပ်ရေးကိစ္စအတွက် ကိုယ်စားလှယ်လွှဲစာအား ၂၈-၁၂-၂၀၁၃ ရက်နေ့တွင် တရားပြိုင်က တရားလိုသို့ထုတ်ပေးခဲ့ကြောင်း ကိုယ်စားလှယ်လွှဲစာအား သက်သေခံ(ခ)အဖြစ်တင်သွင်းထားကြောင်း၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာနနှင့် (Straight Forward International Co.,Ltd) တို့ချုပ်ဆိုသည့် သစ်ထုတ်လုပ်ငန်းစာချုပ် (ကျွန်းသစ်လေ/သစ်လွင့်) ၁၄-၁၁-၂၀၁၃ ရက်စွဲပါ စာချုပ် (၂)စောင်အား သက်သေခံ(ဂ)နှင့် သက်သေခံ(ဃ)အဖြစ် တင်သွင်းထားပါကြောင်း၊ တရားလိုအနေဖြင့် ကွင်းဝင်ခွင့်အမိန့်မရမချင်း လုပ်ကိုင်ခွင့်မရှိကြောင်း၊ ကွင်းဝင်ခွင့်လျှောက်ထားရကြောင်း၊ ဂန့်ဂေါခရိုင် သစ်တောဦးစီးဌာနမှ ကွင်းဝင်ခွင့်ပြုအမှတ် ၉/၂၀၁၃-၂၀၁၄ ရက်စွဲ၊ ၁၅-၁-၂၀၁၄ ဖြင့် ကွင်းဝင်ခွင့်ပြုမိန့် သက်သေခံ(င) ထုတ်ပေးခဲ့ကြောင်း၊ ဂန့်ဂေါဒေသ သစ်ထုတ်ရေးလုပ်ငန်းကာလမှာ ၁၅-၁၂-၂၀၁၃ မှ ၃၀-၃-၂၀၁၄ ဟု ပါရှိကြောင်း၊ ၁၆-၁-၂၀၁၄ ရက်နေ့တွင် စတင်လုပ်ကိုင်ခဲ့ကြောင်း၊ ချင်းပြည်နယ် မင်းတပ်သစ်ထုတ်ရေးဒေသ၊ကွင်းဝင်ခွင့်ပြုခြင်းကိစ္စအား မင်းတပ်ခရိုင်၊လက်ထောက်ညွှန်ကြားရေးမှူး၏ ၆-၁၂-၂၀၁၃ ရက်စွဲပါ ကွင်းဝင်ခွင့်ပြုမိန့် အမှတ် ၆/၂၀၁၃-၂၀၁၄ ကို သက်သေခံ(ဇ)၊ (ဇ-၁)အဖြစ် တင်သွင်းခဲ့ပါကြောင်း၊ ချင်းပြည်နယ် မင်းတပ် သစ်ထုတ်လုပ်ငန်းသို့ ၃-၁-၂၀၁၄ ရက်နေ့ စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး၊ သစ်တန်(၁၂၅)ခန့် ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ လုပ်ကိုင်နေစဉ် သစ်ထုတ်လုပ်ခွင့် ရပ်ဆိုင်းကြောင်းကို အကြောင်းကြားလာသဖြင့် လုပ်ငန်းရပ်ဆိုင်းခဲ့ရပြီး ထုတ်လုပ်ထားသော သစ်လုံးများအားလက်လွှတ်ဆုံးရှုံးခဲ့ရကြောင်း၊ထုတ်ယူခွင့်မပြုကြောင်း အကြောင်းကြားစာအား သက်သေခံ(ဈ) တင်သွင်းထားပါကြောင်း၊ သစ်တောဦးစီးဌာန၊ ဝန်ကြီးရုံးသို့တင်ပြခဲ့ရာ (၂)လခန့်စောင့်ဆိုင်းခဲ့သော်လည်း တစ်စုံတစ်ရာထူးခြားမှုမရှိသဖြင့် ကြိုတင်ပေးထားသည့်ငွေများကို တောင်းခံခဲ့ကြောင်း၊တရားလိုအနေဖြင့် တရားပြိုင်သို့ ကြိုတင်ထုတ်ပေးငွေအပြင် လုပ်ငန်းခွင်ဝင်ရောက်ရန် ကြိုတင်စီစဉ်မှုအရပ်ရပ်များကို ဆောင်ရွက်ရသည့်အတွက် နောက်ထပ်ငွေကျပ်သိန်း(၂၀၀)ခန့် အမှန်တကယ်အားဖြင့် ငွေကျပ်သိန်း(၅၀၀)ခန့် ကုန်ကျခဲ့ကြောင်း၊သို့ရာတွင် ကြိုတင်ထုတ်ပေးခဲ့သည့် ငွေကျပ်(၂၃၃၉၁၉၀၀)ကိုသာ ပြန်လည်တောင်းခံခြင်းဖြစ်ကြောင်း၊ တရားလိုက တရားပြိုင်သို့ အကြောင်းကြားစာနှင့် တရားပြိုင်မှ ပြန်ကြားစာတို့အား သက်သေခံ(စ)(ဆ)အဖြစ် တင်သွင်းထားပါကြောင်း၊ နေပြည်တော် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်း(လိုပြ-၅)အား ပြန်လှန်မေးရာတွင် ခွင့်မပြုဘဲ ပိတ်ပင်ခဲ့ခြင်းမှာ သစ်တောတွင် အခြားသစ်ပင်များ၏ အကျိုးပျက်စီးမည်ကိုစိုးရိမ်၍ ခွင့်မပြုခြင်းဖြစ်ကြောင်း၊ နောင်တွင်ထွက်ရှိမည့် သစ်ပင်များအတွက် စိုးရိမ်မှုရှိသည့်အတွက် ခွင့်မပြုခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့ကြပါကြောင်း၊ ကွင်းဆင်းစစ်ဆေးမှုတွင် စည်းကမ်းချက်နှင့်မညီဘဲ ထုတ်လုပ်သည်ဟု တင်ပြလာခြင်းမရှိကြောင်း၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ နှင့် ပုဒ်မ ၆၅ ပြဋ္ဌာန်းချက်တို့အရ ခရိုင်တရားရုံး၏ စီရင်ချက်မှာ တရားမျှတမှန်ကန်ပါကြောင်း၊ အယူခံအကြောင်းတစ်တွင် ဦးသန်းထွေးမှာ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၉၊ နည်းဥပဒေ ၁ အရ ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအနေဖြင့် လက်မှတ်

တာဝန်ခံမိတ္တူမှန် စစ်ဆေးပြီးမှန်ကန်ကြောင်း တာဝန်ယူသည်။

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ဇရေးထိုးခြင်းဖြစ်သဖြင့် ဆိုင်ရာကုမ္ပဏီအမည်ဖြင့် ဖော်ပြပေးရန် တောင်းဆိုထားခြင်းနှင့် စပ်လျဉ်း၍ ဦးသန်းထွေးမှ အမည်လိပ်စာနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်ပြောဆိုခဲ့ခြင်း မရှိပါကြောင်း၊ ဦးသန်းထွေးအား ပြန်လှန်စစ်မေးစဉ် (Straight Forward International Co.,Ltd)မှာ သက်တမ်းတိုးထားခြင်းမရှိသည်မှာလည်း ပေါ်ပေါက်ပါကြောင်း၊ သဘောရိုးယူဆ၍ ရနိုင်မည်မဟုတ်သောကြောင့် လက်မခံသင့်ပါကြောင်း၊ မူလရုံးဒီကရီကိုသာအတည်ပြုပေးပါရန် လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွဲအရ တရားလိုဖြစ်သူ ဦးသောင်းလွင်သည် တရားပြိုင်ဖြစ်သူ (Straight Forward International Co.,Ltd)မှ Chairman ဖြစ်သူ ဦးသန်းထွေးနှင့် ၂၈-၁၂-၂၀၁၃ ရက်စွဲပါ သက်သေခံ(က)စာချုပ် ချုပ်ဆိုခဲ့သည်။ စာချုပ် ချုပ်ဆိုစဉ်(Straight Forward International Co.,Ltd)မှ Chairman ဖြစ်သူဦးသန်းထွေးက ဦးသောင်းလွင်အား ကျွန်းသစ်လေ/သစ်လွင့် တန် ၆၃၂ ကို စုဆောင်းထုတ်လုပ်သယ်ယူ ရောင်းချခြင်းကိစ္စအဝဝ ဆောင်ရွက်ရန်အတွက်(Straight Forward International Co.,Ltd)၏ကိုယ်စား ဦးသောင်းလွင်အား ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းစာ သက်သေခံ(ခ)ကို ပေးအပ်ခဲ့သည်။ထို့အတူ ဂန့်ဂေါသစ်ထုတ်ရေးဒေသနှင့် ကလေးသစ်ထုတ်လုပ်ရေးဒေသတို့နှင့် စပ်လျဉ်း၍ မြန်မာ့သစ်လုပ်ငန်း၊သစ်ထုတ်လုပ်ရေးဌာနနှင့် (Straight Forward International Co.,Ltd)တို့ချုပ်ဆိုသည့် ၁၉-၁၁-၂၀၁၃ ရက်စွဲပါ သစ်ထုတ်လုပ်ငန်းစာချုပ်(ကျွန်းသစ်လေ/သစ်လွင့်) သက်သေခံ(ဂ) နှင့်(ဃ) စာချုပ်တို့ကို ပေးအပ်ခဲ့သည်မှာလည်း အငြင်းမပွားပေ။ မူလရုံးတရားလိုနှင့် တရားပြိုင်တို့ သဘောတူစာချုပ် ချုပ်ဆိုပြီးနောက် ဂန့်ဂေါခရိုင်သစ်တောဦးစီးဌာနမှ ၁၅-၁-၂၀၁၄ ရက်စွဲပါ ကွင်းဝင်ခွင့်ပြုခြင်းစာ သက်သေခံ(င)ကို ပေးအပ်ခဲ့သည်။

ယင်းသက်သေခံ(င)စာတွင် ထုတ်လုပ်ခွင့်ရသူအမည်ကို(Straight Forward International Co.,Ltd)ဟုဖော်ပြထားပြီး၊ ကွင်းဝင်ခွင့်ပြုသည့်ကာလကို ၁၅-၁၂-၂၀၁၃ မှ ၃၀-၃-၂၀၁၄ အထိဟုဖော်ပြသည်။ ကွင်းဝင်ထုတ်လုပ်ခွင့်ပြုသည့် ကြိုးဝိုင်းအကွက်အတွင်း ဆင်ကွင်းဝင်ခွင့်နှင့်အတူ ကျွန်းသစ်လေ/သစ်လွင့် ထုတ်လုပ်ခြင်းအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်နှင့်အညီ ကွင်းဝင်ထုတ်လုပ်ခြင်း ဆောင်ရွက်ခွင့်ပြုလိုက်သည်ဟု ဖော်ပြထားသည်။

တာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူသည်။

မူလရုံးတရားလိုနှင့် တရားပြိုင်အကြား သတ်မှတ်ထားသော သစ်လုပ်ကွက်အတွင်းမှ ကျွန်းသစ်လေ/သစ်လွင့်တို့ကို မူလရုံးတရားပြိုင်ကုမ္ပဏီက ထုတ်လုပ်ခွင့်ရရှိပြီး၊ ယင်းကုမ္ပဏီကိုယ်စား မူလရုံးတရားလို ဦးသောင်းလွင်အား ကိုယ်စားလှယ်လွှဲအပ်ခြင်း၊ စာချုပ် ချုပ်ဆိုခြင်းကို ၂၈-၁၂-၂၀၁၃ နေ့တွင်ပြုလုပ်ခဲ့ပြီး၊ ၁၅-၁၂-၂၀၁၃ နေ့မှ ၃၀-၃-၂၀၁၄ နေ့အထိ ကွင်းဝင်ခွင့်ပြုသည့် ကာလအတွင်း ဆောင်ရွက်ရန် ခွင့်ပြုသည့်စာကို ၁၅-၁-၂၀၁၄ နေ့တွင် ထုတ်ပေးကြောင်းတွေ့ရသည်။ မူလရုံးတရားလို အနေဖြင့် မူလရုံးတရားပြိုင်နှင့် ချုပ်ဆိုထားသည့် သက်သေခံ(က)စာချုပ်နှင့် ပေးအပ်သည့်ကိုယ်စားလှယ်စာ၊ ခွင့်ပြုစာတို့အရ မိမိစရိတ်ဖြင့်မိမိ သစ်များထုတ်လုပ်၍ သစ်တန်ချိန် ၁၃၀ မျှ စုဆောင်းမိသည့် အချိန်တွင် ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ခံရကြောင်း၊ သက်သေခံ(ဈ)စာကို တင်ပြထားသည်။ထိုသို့ တားမြစ်ချက်ထုတ်သည့်အကြောင်းကို သိရှိခြင်းမရှိသော်လည်း ထိုသို့တားမြစ်စာထုတ်ခြင်း မှန်ကြောင်း၊ မြန်မာ့သစ်လုပ်ငန်းဌာနမှ မန်နေဂျာဦးသန်းမြင့် ပြိုင်ပြ(၄)ထွက်ချက်တွေ့ရသည်။

သို့ဖြစ်၍ မူလရုံးတရားပြိုင်သည် ၎င်းကုမ္ပဏီအနေဖြင့် ထုတ်လုပ်ခွင့်ရသည်ဆိုသော ကျွန်းသစ်လေ/သစ်လွင့် ထုတ်လုပ်ခြင်းအတွက် မူလရုံးတရားလိုအား မိမိစရိတ်ဖြင့်ထုတ်ယူရန်နှင့် ရရှိလာမည့်ကျွန်းသစ်အတွက် ခံစားခွင့်ကိုသတ်မှတ်ပြီး၊ ၅၀% အတွက် ကြိုတင်ငွေ အမေရိကန်ဒေါ်လာ ၂၃၇၀၀ နှင့်ညီမျှသော မြန်မာငွေ ၂၃၃၉၁၉၀၀ ကျပ်ကို လက်ခံရယူပြီးဖြစ်သည်မှာ အငြင်းမပွားပေ။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ယင်းငွေအပြင် သစ်တန် ၁၃၀ ထုတ်လုပ်ပြီးဖြစ်သည်အထိ ကုန်ကျငွေများလည်းရှိမည်မှာ မြင်သာသည်။ သို့သော် မူလရုံးတရားလိုက ၎င်းကြိုတင်ပေးအပ်ထားငွေ ကိုသာလျှော်ရလိုကြောင်း တောင်းဆိုထားသည်မှာ ခွင့်ပြုသင့်ပေသည်။

မူလရုံး၌ တရားလိုစွဲဆိုစဉ်ကပင် တရားပြိုင်အဖြစ် ဦးသန်းထွေး၊ Chairman (Straight Forward International Co.,Ltd)ဟု ဖော်ပြစွဲဆိုထားပြီး၊ ၎င်းတို့ချင်း ပြုလုပ်ချုပ်ဆိုခဲ့ကြသည့် စာချုပ်စာတမ်း အရပ်ရပ်တို့တွင်လည်း ဦးသန်းထွေးသည် (Straight Forward International Co.,Ltd)၏ Chairman အနေဖြင့် တစ်စိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ (Straight Forward International Co.,Ltd)သည် ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ် ၃၁၀၀/၂၀၁၁-၂၀၁၂ ဖြင့် မှတ်ပုံတင်ထားကြောင်း ချေလွှာနှင့်အတူ ပူးတွဲစာရွက်စာတမ်းတင်ပြပြီး၊ ဦးသန်းထွေးက သက်သေခံ(၁)အဖြစ် တင်သွင်းထွက်ဆိုထားသည်။ ကုမ္ပဏီအဖြစ် တရားဝင်ရပ်တည်နေစဉ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သက်သေခံစာရွက်စာတမ်းတို့အရ တွေ့ရသည်။

ကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီတစ်ခုသည် ဥပဒေ၏ မျက်စေ့တွင် သက်ရှိပုဂ္ဂိုလ်တစ်ဦးကဲ့သို့ သီးခြားရပ်တည်ခြင်းရှိသည်။ တာဝန်ပျက်ကွက်လျှင် တရားမကြောင်း၊ ရာဇဝတ်ကြောင်း စသည်တို့ဖြင့် ဥပဒေက ပြဋ္ဌာန်းထားသလို ကုမ္ပဏီသည်လည်း သီးခြားတရားစွဲဆိုခြင်းခံရနိုင်သည်။ **ဦးစောဝင်း ပါ ၁ နှင့် အထူးတရားသူကြီး(၁) ပါ ၂ အမှု**[၁] ကြည့်ပါ။

သို့ဖြစ်၍ မူလရုံးမှ တရားလိုတောင်းဆိုသည့်အတိုင်း အမိန့်ဒီကရီ ချမှတ်ပေးခြင်းမှာ မှားယွင်းမှုမရှိပေ။ သို့သော် စီရင်ချက်၌ ပေးရန်တာဝန်ရှိသူကို တရားပြိုင်ဟုသာဖော်ပြပြီး ဒီကရီ၌ ဦးသန်းထွေးဟု အမည်ကိုသာ ဖော်ပြထားခြင်းသည် ပြည့်စုံမှုမရှိပေ။

ထို့ကြောင့် စီရင်ချက်နှင့်ဒီကရီတွင် တရားပြိုင်ဦးသန်းထွေး၊ Chairman (Straight Forward International Co.,Ltd)သည် တရားလိုသို့ ငွေကျပ် ၂၃၃၉၁၉၀၀ ကို စရိတ်နှင့်တကွ ပေးစေရန်ဟု ပြည့်စုံစွာဖော်ပြရန် ညွှန်ကြားလိုက်ပြီး၊ ဤတရားမပထမ အယူခံမှုအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

တာဝန်ခံမိတ္တူမှန် စစ်ဆေးပြီးမှန်ကန်ကြောင်း တာဝန်ယူသည်။

ရှေ့နေစရိတ် ၂၅၀၀/- သတ်မှတ်သည်။

(signature)

(အေးသန်း)

တရားသူကြီး

---

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၅၀၈

(signature)

အခွင့်ရအရာရှိ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်